# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး
# တိုကျိုမြို့

## တိုကျိုမြို့တော်တွင် နေထိုင်ကြသည့် မြန်မာနိုင်ငံသားများ walk-in ကိုဗစ်ကာကွယ်ဆေးထိုးစင်တာများတွင် ကိုဗစ်ကာကွယ်ဆေးထိုးနှံနိုင်ပြီ ဖြစ်ကြောင်း တိုကျိုမြို့တော်ဝန်ရုံးမှ အသိပေးအကြောင်းကြားလာခြင်း

၁။ တိုကျိုမြို့တော်တွင် နေထိုင်ကြသည့် ပြည်သူများအနေဖြင့် ယခင်ကကဲ့သို့ ကြိုတင်မှတ်ပုံတင်ရန်မလိုအပ်ဘဲ အောက်ဖော်ပြပါ walk-in ကိုဗစ် ကာကွယ်ဆေးထိုးစင်တာများတွင် သတ်မှတ်ချိန်အတွင်း walk-in ကာကွယ်ဆေးထိုးနှံနိုင်ပြီဖြစ်ကြောင်း တိုကျိုမြို့တော်ဝန်ရုံးမှ အကြောင်းကြားလာပါသည်-

(က) NHK Shibuya Friendship Theater Vaccination Center

(ခ) Gyoko-chika Vaccination Center

| | | |
|---|---|---|
| **walk-in ကာကွယ်ဆေးထိုးရန် အကျုံးဝင်သူများ** | - | အသက်(၁၂)နှစ်အထက် တိုကျိုမြို့တော်တွင် နေထိုင်သူများအားလုံး |
| **သတ်မှတ်အချိန်** | - | နေ့စဉ် နေ့လယ် ၂ နာရီမှ ည ၇ နာရီအထိ (အောက်တိုဘာလ ၁၄ ရက်နေ့ပိတ်ပါမည်) |
| **ထိုးနှံပေးမည့်ကာကွယ်ဆေး အမျိုးအစား** | - | Moderna |

**မှတ်ချက်**

ကာကွယ်ဆေးထိုးရန် လာရောက်ချိန်တွင် ကာကွယ်ဆေးထိုးခွင့်လက်မှတ် (vaccination ticket)နှင့် မည်သူမည်ဝါဖြစ်ကြောင်း အထောက်အထားပြ ID ယူဆောင်လာရန် လိုအပ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များကို အင်္ဂလိပ်ဘာသာဖြင့် အောက်ပါလင့်တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်-
https://www.fukushihoken.metro.tokyo.lg.jp/iryo/kansen/coronavaccine/for_foreigner.html

၃။ ကိုဗစ်ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေးသတ်မှတ်ကာလအတွင်း တိုကျိုမြို့တော်နေပြည်သူများသို့ ဆောင်ရန်/ရှောင်ရန်နှင့် မေတ္တာရပ်ခံချက်များကို မြန်မာဘာသာစကားအပါအဝင် ဘာသာစကား (၁၆) မျိုးဖြင့် အောက်ပါလင့်တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်-
https://tabunka.tokyo-tsunagari.or.jp/english/info/2021/10/post-55.html

၄။ တိုကျိုမြို့တော်ဝန်၏ ကိုဗစ်-၁၉ ကူးစက်ရောဂါထိန်းချုပ်နိုင်မှုအခြေအနေနှင့် သတင်းအချက်အလက်များကို အပတ်စဉ် ကြာသပတေးနေ့ ညနေ ၇:၁၅ မိနစ်တွင် အပတ်စဉ် အင်္ဂလိပ်ဘာသာစကားဖြင့် ထုတ်ပြန်လျက်ရှိကြောင်းနှင့် အောက်ပါလင့်တွင်ဝင်ရောက် ကြည့်ရှုနိုင်ပါသည်-

https://www.youtube.com/watch?v=cLQ1LIg9gNI&list=PLBuPgafouWckd70VYq5r_4Wa1ykoJYV7f




မြန်မာသံရုံး၊ တိုကျိုမြို့
၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်